CDE


CENTRE FOR DOMESTIC EMPLOYEES



# သင်နှင့် သိကျွမ်းမှု၊

# ကျွန်ုပ်နှင့် သိကျွမ်းမှု

## အပိုင်း ၁- အလေ့အထ ကွဲပြားမှု ပေါင်းကူးခြင်း



CENTRE FOR DOMESTIC EMPLOYEES

**1800 2255 233**
**(1800 CALL CDE)**

24/7

185A Thomson Road
Goldhill Centre (Level 2)
Singapore 307629

**Operating Hours:**
Tuesday to Sunday: 10am to 6pm
Mondays and Public Holidays: Closed

# သင်နှင့် သိကျွမ်းမှု၊ ကျွန်ုပ်နှင့် သိကျွမ်းမှု

## အပိုင်း ၁- အလေ့အထ ကွဲပြားမှု ပေါင်းကူးခြင်း

အိမ်တွင်း အလုပ်သမား စင်တာ (Centre for Domestic Employees') (CDE) လက်စွဲလမ်းညွှန် စီးရီးများသည် ပြည်ပ အိမ်တွင်း အလုပ်သမားများနှင့် ၎င်းတို့၏ အလုပ်ရှင်(များ) အကြား ဖြစ်လေ့ရှိသည့် နားလည်မှု လွဲမှားမှု အချို့အတွက် ဗဟုသုတရစေရန်အတွက် ဝန်ဆောင်ပေးမှု တစ်ခု ဖြစ်ပါသည်။ ဤစီးရီး ဇာတ်လမ်း ဖော်ပြချက်များသည် ဖြစ်ထရှိသည့် နားလည်မှု လွဲချော်မှုများကို သဘောပေါက် နားလည်ပြီး တစ်ဦးနှင့် တစ်ဦး ပိုမို နားလည်မှု ရှိလာစေရန်အတွက် ဖြစ်ပါသည်။ ဤစီးရီးများမှ နှစ်ဦးနှစ်ဘက် ပြေလည်မှုများ အထူးသဖြင့် အလုပ်ဝင်ခါစ အချိန်တွင် ပိုမို အဆင်ပြေ ချောမွေ့စေရန် အထောက်အကူ ဖြစ်မည်ဟု မျှော်လင့်မိပါသည်။


အလေ့အထ ကွဲပြားမှုများ၊ လုပ်ငန်းပိုင်းဆိုင်ရာ ပြဿနာများနှင့် ပွင့်လင်းသည့် ဆက်ဆံရေးအတွက် လိုအပ်ချက်များကဲ့သို့သော လက်စွဲ လမ်းညွှန်များက အလုပ်ရှင်နှင့် ပြည်ပ အိမ်တွင်း အလုပ်သမားများ အတွက်ပါ ဆက်ဆံရေး ပေါင်းကူး တံတားတစ်ခု အဖြစ် ခိုင်မာသည့် ဆက်ဆံရေးမျိုး ရရှိစေရန် အထောက်အကူ ပြုသွားနိုင်ပါသည်။

---


လက်စွဲလမ်းညွှန်များကို ဘာသာစကား ၄ မျိုးဖြင့် ရရှိနိုင်ပါသည်- အင်္ဂလိပ်-ဘာဟာဆာ အင်ဒိုနီးရှား၊ အင်္ဂလိပ်-မြန်မာ၊ အင်္ဂလိပ်-တဂလော့ဂ် နှင့် အင်္ဂလိပ်-တမီး။ လက်စွဲလမ်းညွှန် စီးရီးကို အီလက်ထရောနစ် ဗားရှင်းဖြင့် ရယူလိုပါက **www.cde.org.sg** တွင် ရယူနိုင်ပါသည်။



ဂွတ်မောနင်း MIN။ ဒီနေ့က ပထမဆုံး အလုပ်စလုပ်ရမယ့် နေ့နော်။ အစစ အရာရာ အဆင်ပြေပါစေကွယ်။ အလုပ်မစခင် မနက်စာ စားထားနော်။


ပေါင်မုန့်နဲ့ ခါယာ စားထား။
KAYA


MIN တစ်ယောက် ဗိုက်ဆာလို့ တဂွီဂွီ မြည်နေတာတောင် ဘာမှ မစားဖြစ်ပါ
KAYA


အလုပ်ရှင် ပြန်ရောက်လာသောအခါ...
ဘာမှ မစားဘူးလား။
KAYA
အင်း... အစ်မ၊ ကျွန်မ မနက်စာဆို ပေါင်မုန့်နဲ့ ယို မစားတတ်ဘူး။


ဒါက တခြားယိုလို မဟုတ်ဘူး၊ ခါယာလို့ ခေါ်တယ်၊ တော်တော်လေး အရသာရှိတယ်လို့ ပြောလို့ရတယ်။
နင့်တို့ အိမ်မှာ မနက်စာ ဘာစားလေ့ရှိလဲ။
ဆန်ပြုတ် ဒါမှမဟုတ် ထမင်း စားတယ် အစ်မ။


အို၊ ဟုတ်ပြီ။ ဒါဆို ညစာချက်တဲ့အခါ ထမင်းနည်းနည်း ပိုချက်လိုက်ပေါ့၊ ပြီးရင် နောက်နေ့ မနက်စာအတွက် ဖယ်ထားလိုက်လေ။ အခု မနက်စာအတွက်ကော ထမင်းချက်ချင်လား။
မချက်တော့ဘူး အစ်မ။ ပေါင်မုန့်နဲ့ ခါဂျမ်ပဲ စားတော့မယ်။
ခါဂျမ် မဟုတ်ဘူး၊ ခါယာပါဟဲ့။



MIN ၏ ပထမဆုံး အလုပ်စဝင်သည့်နေ့
MIN ညစာအတွက် နင်ကျွမ်းကျင်တာ တစ်ခုခု ချက်ပေးလို့ ရမလား။


အလုပ်ရှင်သည် ငါးကန်ကို သွားကြည့်သည့်အခါ
MIN... ငါးတွေ ဘယ်ရောက်သွားလဲ။



ကျွန်မ အဲ့ငါးတွေကို ညစာအတွက် ချက်နေပါတယ်၊ အစ်မ။



ဘာ... အဲ့ဒါ ကံကောင်းအောင် မွေးထားတဲ့ ငါးတွေ။ ငါတို့ အဲ့ငါးတွေကို မစားဘူး။
ဒါပေမယ့် ကျွန်မတို့ ရွာမှာတော့ ငါးတွေကို ကန်ထဲက ဖမ်းပြီး ချက်စားကြတာပဲ၊ အစ်မရယ်။


# 3.1


MIN ငါ့ကို ဓာတ်ဘူး (Airpot) ထဲက ရေနွေးလေး ယူပေးလို့ ရမလား။
MIN သည် အခန်းထဲ ဝင်သွားပြီး အဝတ်အစားသစ် လဲကာ ပြန်ထွက်လာခဲ့ပါသည်
MIN ဘာလို့ အဝတ်အစားတွေ လဲထားတာလဲ။
ဆရာပဲ လေဆိပ် (Airport) မှာ ရေနွေး သွားယူဆိုလို့ လေဆိပ်သွားဖို့ အဝတ်အစား လဲလိုက်တာပါ။
MIN ငါပြောတဲ့ အဓိပ္ပါယ်က လေဆိပ် မဟုတ်ဘူး။ မီးဖိုချောင်ထဲက ဓာတ်ဘူးကို ပြောတာ။

# 3.2


MIN ဓာတ်ဘူး (Airpot) ထဲမှာ ရေနွေးတွေ ရှိတယ်။
...
ဓာတ်ဘူး (Airpot) က ဘယ်လိုပုံဆိုတာကို သိလား။
စင်ကာပူ လေဆိပ်လား၊ ဆရာ။ သိပါတယ်။


မင်းတို့ဆီမှာ ရေနွေး ဘယ်လိုတည်သလဲ။
အိုးကို သုံးပါတယ်၊ ဆရာ။
ဒီပုံမျိုး။ ရေနွေး ဘယ်လိုတည်ရတယ်ဆိုတာ ပြမယ်။ ဒီမှာ ဓာတ်ဘူး (Airpot) ကို သုံးတယ်။



MIN ဘာလုပ်နေလဲ။ ဒါ ပန်းကန်ဆေး ဆပ်ပြာရည် မဟုတ်ဘူး။ ရေချိုး ဆပ်ပြာရည်တွေ။
ဆောရီးပါ၊ အစ်မရယ်၊ ဘူးကြီးက အကြီးကြီးဆိုတော့ ပန်းကန်ဆေး ဆပ်ပြာရည်လို့ပဲ ထင်မိနေတာ။
ဒါပေမယ့် ဒီမှာ ရေချိုး ဆပ်ပြာရည်ဆိုပြီး ရေးထားတယ်လေ။
ကျွန်မတို့ ရွာမှာဆို ဆပ်ပြာတောင့် သုံးတာဆိုတော့ ဒါကို ပန်းကန်ဆေး ဆပ်ပြာရည်လို့ ထင်သွားမိတာပါ၊ အစ်မ။
ဆောရီးပါ၊ အစ်မရယ်၊ ဒါနဲ့ ကျွန်မ ပန်းကန်တွေကို အပြင်မှာ ဆေးလို့ရလား။
ဘာလို့ ပန်းကန်တွေကို အပြင်မှာ ဆေးမှာလဲ။

# 4.2


BODY WASH
ဘာလို့လဲဆိုတော့ ရေကုန် သက်သာအောင်လေ၊ အစ်မရဲ့။
ရေကုန် သက်သာအောင်၊ ဟုတ်လား။



ဟုတ်တယ်၊ အစ်မရဲ့။ ပန်းခြံထဲမှာ ရေရှိတယ်လေ၊ အဲ့တော့ အဲ့က ရေတွေနဲ့ ပန်းကန်တွေ ဆေးမလားလို့ တွေးမိတာပါ။
(ရယ်လျက်) မဟုတ်ဘူး MIN ရဲ့၊ အဲ့ရေတွေက ပန်းပင်တွေ ရေလောင်းဖို့ အတွက်လေ။

# 5.1


MIN, MEI MEI ကို ရေချိုးပေးဖို့ ငါ့ကို ကူပါဦး။
ဟုတ်ကဲ့၊ အစ်မ။


MIN ဘာတွေ လုပ်နေတာလဲ။
ခြေထောက်တွေ ရေဆေးနေတာပါ၊ အဲ့ဒါမှ MEI MEI ကို ကျွန်မ ခြေထောက်ပေါ် တင်လို့ရမှာလေ၊ အစ်မရဲ့။


သူ့ကို ဘာလို့ နင့်ခြေထောက်ပေါ် တင်မှာလဲ။
သူ့ကို ရေချိုးပေးဖို့လေ၊ အစ်မရဲ့။ ကျွန်မတို့ နိုင်ငံမှာ ကလေးတွေကို ရေချိုးပေးရင် ခြေထောက်ပေါ်တင်ပြီး ချိုးပေးကြတာ။
MIN ဒါက ငါတို့ဆီက ကလေးရေချိုးနည်း မဟုတ်ဘူးလေ၊ ငါတို့ဆီမှာ ကလေးကို ကလေးရေချိုးကန်ထဲ ထည့်ပြီး လက်က ကိုင်ထားပေးပြီး ချိုးပေးတာ။
အစ်မ၊ ကျွန်မ အဲ့လို ရေမချိုးပေးတတ်ဘူး။
လာ၊ ဘယ်လို ချိုးပေးရတယ်ဆိုတာ ပြမယ်...


MIN ရေ AH MA က ခဏနေ ဆန်ပြုတ် စားချင်တယ်တဲ့။ အဲ့ဒါ အောက်ဆင်းပြီး ဆားဘဲဥ သွားဝယ်ပေးပါ။
အိုကေပါ၊ ဆရာ။
ဆားဘဲဥ ဝယ်ဖို့အတွက် MIN တစ်ယောက် အပြင်ထွက်သွားပါတယ်။
MIN ဆားဘဲဥကော။
ဒီမှာပါ၊ ဆရာ။
ငါ လိုချင်တာ ဆားနဲ့ ဘဲဥ မဟုတ်ဘူး။ ငါလိုချင်တာ ဆားဘဲဥ။
ဟုတ်တယ်လေ၊ ဆရာရယ်။ ကျွန်မ ဒီဘဲဥတွေထဲ ဆားထည့်ပေးမှာပေါ့။
SALT

# 6.2

